ကောင်းသည့်အပါင်းအဖာ်နှင့် မကောင်းသည့်

အပေါင်းအဖော်၏ပမာမှာ ကတိုးကို သယ်ဆောင်သူနှင့်

ပန်းပဲဖိုးထိုးသူကဲ့သို့ပင်ဖြစ်သည်

အဘူမူစာအရှ်အရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ကောင်းသည့်အပါင်းအဖာ်နှင့် မကောင်းသည့် အပေါင်းအဖော်၏ပမာမှာ ကတိုးကို
သယ်ဆောင်သူနှင့် ပန်းပဲဖိုးထိုးသူကဲ့သို့ပင်ဖြစ်သည်။ ကတိုးကို သယ်ဆောင်သူသည်
သင့်အားလက်ဆောင်ပေးမည်။ သို့မဟုတ် သင်သူ့ထံမှ ဝယ်ယူနိုင်မည်။ သို့မဟုတ် သူ့ထံမှ
မွှေးကြိုင်သည့်ရနံ့ကို ရနိုင်မည်ဖြစ်သည်။ ပန်းပဲထိုးသူသည် သင်၏အဝတ်အစားကို
လောင်ကျွမ်းစေမည်။ သို့မဟုတ် သင်သူ့ထံမှ အနံ့ဆိုးကို ရလိမ့်မည်ဖြစ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် လူနှစ်မျိုးအား ပမာပြုကာမိန့်ကြားတော်မူခဲ့သည်။ ပထမ တစ်မျိုးမှာ - ကောင်းမြတ်သည့် မိတ်ဆွေ၊အပေါင်းအသင်းဖြစ်ပြီး ၎င်းသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ကျေနပ်နှစ်သက်မှုသို့ ညွှန်ပြပေးသူ၊ အရှင်မြတ်၏ အမိန့်နာခံရန် ကူညီပေးသူဖြစ်သည်။ထိုသူ၏ပမာသည် ကတိုးရောင်းသကဲ့သို့ဖြစ်သည်။ ထိုသူသည် သင့်အားလက်ဆောင်ပေးမည်။သို့မဟုတ်ပါက သင်သူ့ထံမှ ဝယ်ယူနိုင်မည်။ သို့မဟုတ်ပါက သူ့ထံမှမွှေးကြိုင်သည့်ရနံ့ကို ရနိုင်မည်ဖြစ်သည်။ ဒုတိယ တစ်မျိုးမှာ - မကောင်းသည့် မိတ်ဆွေ၊အပေါင်းအသင်းဖြစ်ပြီး ၎င်းသည် အလ္လာဟ်အရှင်မြတ် လမ်းတော်မှ ပိတ်ပင်တားဆီးသူမကောင်းမှုများ ပြုလုပ်ရာတွင် ကူညီသူဖြစ်သည်။ သင့်အနေဖြင့် သူ့ထံမှ မကောင်းသည့်လုပ်ရပ်များကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုကဲ့သို့သောသူနှင့်ပေါင်းသင်းဆက်ဆံသည့်အတွက် သင်လည်း ပြစ်တင်ကဲ့ရဲ့ခံရမည်ဖြစ်သည်။ ထိုသူ၏ပမာသည်ဖားဖိုထိုးသည့် ပန်းပဲသမားကဲ့သို့ဖြစ်သည်။ သူ့ဆီမှထွက်လာသော မီးပွားများသည်သင်၏အဝတ်အစားများကို လောင်ကျွမ်းစေနိုင်သည်။ သို့မဟုတ်သူ့အနားတွင်ရှိနေခြင်းကြောင့် အနံ့ဆိုးများရနိုင်သည်။

https://sunnah.global/hadeeth/my/show/3127